 မြန်မာနိုင်ငံသားများဘဏ်လီမိတက်
MYANMAR CITIZENS BANK LTD.

ရက်စွဲ၊ ၂၀၁၆ခုနှစ်၊ ဒီဇင်ဘာလ (၂၁)ရက်

# ဝင်ငွေခွန်အများဆုံး ထမ်းဆောင်သော စာရင်းတွင် ပါဝင်သော အခွန်ထမ်း ဖြစ်ကြောင်းအသိပေးခြင်း

၁။ မြန်မာနိုင်ငံသားများဘဏ်လီမိတက် သည် ဝင်ငွေခွန်အများဆုံးထမ်းဆောင်သော စာရင်းတွင် ပါဝင်သော အခွန်ထမ်းဖြစ်ကြောင်း ရင်းနှီးမြှုပ်နှံသူများနှင့် အစုရှယ်ယာရှင်များသို့ အသိပေးကြေညာ အပ်ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ပြည်တွင်း အခွန်များ ဦးစီးဌာနမှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ (၁၅) ရက်နေ့စွဲပါ သတင်းထုတ်ပြန်ကြေညာချက်အရ ၂၀၁၅-၂၀၁၆ အခွန်စည်းကြပ် နှစ်အတွက် ဝင်ငွေခွန် အများဆုံး ထမ်းဆောင်သော လုပ်ငန်းရှင် (၅၀)ဦး စာရင်းတွင် အဆင့် (၃၃) နှင့် ဘဏ်များ စာရင်း၌ အဆင့် (၁၀) တွင် မြန်မာနိုင်ငံသားများဘဏ်သည် ပါဝင်ခဲ့ ပါသည်။

၂။ မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် Yangon Stock Exchange တွင် ၂၀၁၆ခုနှစ် ဩဂုတ်လ (၂၆)ရက်နေ့မှ စ၍ စာရင်းဝင် ဘဏ်တစ်ခု ဖြစ်သည့်အပြင် ဘဏ်နှင့်ဆက်သွယ်လာသော ဖောက်သည်များအား ဝန်ဆောင်မှုအကောင်းဆုံး ပေးနေသော ဘဏ်တစ်ခုဖြစ်ပြီး ဝင်ငွေခွန်များ နှစ်စဉ် ထမ်းဆောင်ခြင်း၊ ကြိုတင်ခွန်များ ပေးသွင်းထားရှိခြင်း၊ အခွန်နှင့် ပတ်သက်၍ စနစ်တကျ ကြိုတင်ဆောင်ရွက် ထားရှိခြင်း တို့ကြောင့် ယခုလို နိုင်ငံတော်မှ အသိအမှတ်ပြု ခံခဲ့ရခြင်းဖြစ်ကြောင်း အသိပေးအပ်ပါသည်။

(မြင့်ဝင်း)
အုပ်ချုပ်မှုဒါရိုက်တာ

No. 383, Maharbandola Road, Kyauktada Township,Yangon , Myanmar.
Tel: 095-01-245936,245938,391454 Fax:01-245932,391454 P.O. Box: 262. Cable Address: MYANCIBANK
E-mail: admin@mcb.com.mm Website: http://www.mcb.com.mm